## မာတိကာ


✳ **ဆရာမ ရာသက်ပန် (တောင်ငူဆောင်) ၏ အမှာစာ** က
၁။ မိုးသုံးဆယ်အလွန်မှ ၈၃၅/၂၃လမ်း ၁
၂။ ရေမွှေးငွေ့စက်ခေါင်းကြီးဖြင့် ငယ်ဘဝသို့ ခုတ်မောင်းခြင်း ၈
၃။ ရောင်စုံ ဘောလုံးလေးတွေ ၁၅
၄။ ချွေးစက်လေးများရဲ့ သီအိုရီ ၂၃
၅။ လက်များ ၂၈
၆။ လုယက်၊ ခိုးဝှက်တဲ့အကြောင်းတွေ ၃၅
၇။ သံလမ်းလေးတွေ ၃၉
၈။ နဘားဘူတာ ၄၆
၉။ လေထီးသမားတွေ ၅၂
၁၀။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကို တွေးဆမိခြင်း ၅၉
၁၁။ လွမ်းတဲ့နေ့တွေ ၆၄
၁၂။ အရောင်လွင့်ပြယ်သွားသည့် ဆိုင်းဘုတ်များနှင့် ပြယ်လွင့်သွားသော ဆိတ်ဖလူးပန်းရနံ့ ၇၀
၁၃။ ဆလိမ်စုရပ်ကွက်လေးနှင့် ဆက်စပ်ပြီးတွေးမိခြင်း ၇၈
၁၄။ ရင်ဘတ်ထဲဖြတ်စီးသွားတဲ့ ချောင်းကမ်းစပ်တွေမှာ ၈၆
၁၅။ မေမေနဲ့ ကျွန်တော် ၉၁
၁၆။ သမီးဖြူ... သို့ ဒုတိယစာ ၉၆
၁၇။ သမီးဖြူကို ဓာတ်ပုံဟောင်းလေးတွေအကြောင်း ပြောပြခြင်း ၁၀၇
၁၈။ သမီးဖြူကို အဆန်ခရီးအကြောင်း ပြောပြခြင်း ၁၁၄
၁၉။ ရန်ကုန်အက်ဆေး ၁၂၄
၂၀။ ဗိုးရှမ်း ၁၃၃
၂၁။ ရေကြောပြတ်သွားသည့် လောကပါလ တောင်တန်းများ.. ၁၄၆
၂၂။ ဆစ်ရင်း... စစ်ရင်း ကျွံဝင်ခဲ့ရပါလေ၏ ၁၆၃
၂၃။ သမ္မုခ အရေးအကြောင်းများ ၁၆၉
၂၄။ မှောင်လွန်းတဲ့ကမ္ဘာတစ်ခြမ်းမှာ လမ်းလျှောက်နေချိန် ၁၇၆
၂၅။ အစိမ်းရောင် တွင်းနက်များတွင် မိုတင်းနေထိုင်ကြရလေသောအခါ ၁၈၃
၂၆။ ရထားကြီးတန်း ၁၈၉


■



ပျောက်သွားသလို ခံစားရသည်။ သူ့စာတွေထဲမှာ အတွေ့အကြုံကို တွေးတော ဆင်ခြင်ပြထားတာတွေက များ သည်။ မီးရထားတွေအကြောင်း၊ မီးရထားဝန်ထမ်းတွေ အကြောင်း၊ မူးယစ်ဆေးအကြောင်း၊ ငြိမ်းချမ်းရေး အကြောင်း၊ တိုင်းပြည်ကြီး ဆင်းရဲသွားရသည့် အကြောင်း၊ အာဏာရှင်တို့အကြောင်း၊ လုယက် ခိုးဝှက်တဲ့အကြောင်း၊ ဆိုင်းဘုတ်ရေးစားသူတစ်ယောက်အကြောင်း ... စသည့် အကြောင်းတွေထဲမှာ သူ့အတွေး၊ သူ့ဆင်ခြင် သုံးသပ်မှုတို့ကို ညှပ်၍တင်ပြထားသည်။ များသောအားဖြင့် ခေတ်၊ စနစ်၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အခြေအနေတို့အကြောင်းတို့ထိ ပြောသွားသည်။ ရေးဟန်မှာ အပြောဘက်သို့ အားသန်သည်ကို တွေ့ရသည်။ စကားကို အကိုးအကားနှင့် ဆင်ခြင်တုံတရားနှင့် ပြောပြနေသလို အကြောင်းအရာ ဆက်စပ် ချိတ်ဆက် ပြောပြတတ်သည်။

'လွမ်းတဲ့နေ့တွေ' တွင် ခေတ်၊ အချစ်၊ တွေဝေမှုတို့ကို ဆက်စပ်ပြောပြသည်။ 'လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်ကို တွေးဆမိခြင်း'တွင် ငယ်ဘဝအတွေ့အကြုံမှ တစ်ဆင့် သိရသော ဘဝအသိအကြောင်း ပြောပြသည်။

'မိုးသုံးဆယ်အလွန်မှ ၈၃၅/၂၃လမ်း'တွင် ၈၈၈၈ ကာလကို ကြားညှပ်ကာ အတိတ်နှင့်ပစ္စုပ္ပန် ကူးယှက် ရေးထားသည်။

'ရေမွှေးငွေ့စက်ခေါင်းကြီးဖြင့် ငယ်ဘဝသို့ ခုတ်မောင်းခြင်း'မှာ ငယ်ဘဝအတိတ်နှင့် ပစ္စုပ္ပန်ကို ချိတ်ဆက် ပြောပြထားသည်။

'ချွေးစက်လေးများရဲ့ သီအိုရီ' မှာ သင်ထားသည့် ပညာနှင့် နီးစပ်သော အလုပ်များကို လုပ်နေရပြီဖြစ် ကြောင်း သရော်သလို ပြောပြပါသည်။ ရုပ်ဗေဒနှင့်ဘွဲ့ရသူ တွေ အိမ်မီးဆင်သည့်နေရာမှာ ဝိုင်ယာ လိုက်ရိုက်နေရ ပုံ၊



ဘက်ပိုးမောင်းတဲ့ဆီမှာ အကူလိုက်ရပုံတွေ ဖြစ်ပါ သည်။ 'သမီးဖြူသို့ စာသုံးစောင် ပါပါသည်။ 'သမီးကို ချစ်သည့် ဖခင်တစ်ဦး၏မေတ္တာ၊ သမီးမွေးဖွားစဉ်က ခံစား ချက်၊ ဓာတ်ပုံကြည့်ရင်း တွေးမိသော အတွေးတို့ကို ပြောပြထားသည်။ ဓာတ်ပုံတွေက သမိုင်းကို ညွှန်းဆိုပြနေကြောင်း၊ စစ်၏ခါးသီးပုံ၊ ငြိမ်းချမ်းရေးအတွက် ချိုးဖြူငှက်ကလေးဖြစ်သွားသော သမီးဖြူအကြောင်း၊ ရင်ကြားစေ့ရေးအကြောင်း ဆက်စပ်ပြောပြသွားပါသည်။

'ဆစ်ရင်း...၊ စစ်ရင်း ကျွံဝင်ခဲ့ရပါလေ၏' တွင် ရေမဆေးကျောက်ရှာသူ လူငယ်လေးတွေ၏ ဘဝအကြောင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းပူဆွေးခြင်း၊ ထိတ်လန့်ခြင်း၊ ကြမ်းကြုတ် ရက်စက်ခြင်းတွေကို တစ်ရက်တည်းမှာ မြင်တွေ့ခံစားနိုင်တဲ့ မှော်ထဲအကြောင်း အတိတ်ကို ပြန်ပြောင်းပြောပြထားပါသည်။

ကျော်ကျော်(မြရည်စမ်း)၏ စာထဲတွင် စာရေးသူက 'ကျွန်တော်' အဖြစ် ပါဝင်နေပါသည်။ ကျွန်တော်က ပြောပြနေသော ကျွန်တော်နှင့် သူတစ်ပါးတို့အကြောင်း ဖြစ်ပါသည်။ ထိုအထဲတွင် ကျွဲကူးရေပါ ဆိုသလို လူအကြောင်း၊ လောကအကြောင်း၊ ခေတ်အကြောင်း စသည်တို့ကို ပြောပြထားသည်ကို ဖတ်ကြည့်စေချင်ပါသည်။ ။

**ရာသက်ပန် (တောင်ငူဆောင်)**
၂၇-၁၀-၂၀၁၈၊ စနေနေ့။

■